MAPCO E-newsletter
Issue 02, 2018 www.mapco.com.mm

## အစုရှယ်ယာများ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)၏ ထုတ်ဝေပြီးအစုရှယ်ယာများအား ဝယ်ယူပိုင်ဆိုင်လိုသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် အစုရှယ်ယာဌာနနှင့် ဆက်သွယ်နိုင်ပါကြောင်းနှင့် ထုတ်ဝေပြီး အစုရှယ်ယာများအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း-

**ဆက်သွယ်ရန်** အစုရှယ်ယာဌာန(Phone) - (+95-1)2301652~53,2301825~6(Ext-333), (95-9) 421135022
(Email) - admin@mapco-ygn.com, bod@mapco-ygn.com

## MAPCO နေပြည်တော်ဆန်စက်တွင် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ ပြည်ပ မိတ်ဖက်များအား ဖိတ်ခေါ်ခြင်း

MAPCO နေပြည်တော် (ခေတ်မီဆန်စက်/ သိုလှောင်ရုံများ/ Siloများ၊ အခြောက်ခံစက်များ)တွင် စပါးဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းချသည့်လုပ်ငန်းကို Joint Operation စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရှိပါက ဆက်သွယ်ညှိနှိုင်းဆွေးနွေးပြီး နှစ်ဖက်အဆင်ပြေပါက ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** တာဝန်ခံ - ဦးအောင်ဝင်း၊ ဦးတင်မောင်လွင်
(Phone) - (+95-1)2301652~53,2301825~6, (95-9) 5114114 , (95-9) 450519351
(Email) - admin@mapco-ygn.com, bod@mapco-ygn.com

## မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာအတွင်း စက်ရုံအလုပ်ရုံများတည်ထောင်ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံဝင်းရှိ မြေလွတ်ဧရိယာအတွင်း လယ်ယာစိုက်ပျိုးရေးအခြေခံထုတ်လုပ်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သည့်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးကြင်ဆွေ - စီမံကိန်းဒါရိုက်တာ၊ ဖုန်း - (95-9) 43132983
ဒေါ်ဇာဇာမြင့် - မန်နေဂျာ၊ ဖုန်း - (95-9) 772109995
(Email) - admin@mapco-ygn.com, bod@mapco-ygn.com

## UEHRD အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်၏ မျိုးစေ့ထုတ်လုပ်ငန်းတွင် ပါဝင်ကူညီဆောင် ရွက်ပေးခြင်း

ရခိုင်ပြည်နယ်တွင် ဆန်စပါး မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ငန်းအား မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မိုးစပါးရာသီတွင် ဆန်စပါးမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းဧက(၁၀၀)ဆောင်ရွက်လျက်ရှိပါသည်။ ဆန်စပါးမျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းကို စစ်တွေမြို့နယ်၊ ကံ့ကော်ကျွန်းကျေးရွာနှင့် ကျောက်တော်မြို့နယ်၊ သရက်တစ်ပင်ကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိပါသည်။ (Agribusiness Unit)

E-newsletter Team နှင့် ဆက်သွယ်လိုပါက admin@mapco-ygn.com သို့ ဆက်သွယ်နိုင်ပါသည်။

## ကျိုက်လတ်တွင်ဆောင်ရွက်မည့် ဖွဲ့နဆီ(ဆီကြမ်း)စက်ရုံစီမံကိန်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခြင်း

MAPCO မှ ဖွဲ့နဆီစက်ရုံစီမံကိန်းအတွက် ကျိုက်လတ်နှင့် မြောင်းမြမြို့နယ်များတွင် တန်(၁၀၀)ဆီကြမ်းထုတ်စက်ရုံနှင့် တွံတေးမြို့နယ်တွင် တန်(၅၀)ဆီချောထုတ်စက်ရုံများကို တည်ဆောက်ရင်းနှီးမြှုပ်နှံသွားနိုင်ရန် ကနဦး စူးစမ်းလေ့လာမှုများ၊ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်ပိုင်းဆိုင်ရာတို့အား လေ့လာသုံးသပ်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ် မေလ(၁၅)ရက်နေ့တွင် MAPCO Golden Lace စက်ရုံဖွင့်ပွဲ၌ ဂျပန်နိုင်ငံ Fukuoka Seiyu Co.,Ltd နှင့် MOU လက်မှတ်ရေးထိုးခဲ့ပြီး တစ်နှစ်တာကာလအတွင်း နှစ်ဖက်ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်၍ Fukuoka Seiyu Co.,Ltd နှင့် မိတ်ဖက်ကုမ္ပဏီများဖြစ်သော Kanemi Warehouse Co., Ltd၊ Shikoku Ryoyu Co., Ltd၊ Kenndo Management Co., Ltd တို့က (၇၀%)၊ MAPCO က မြေတန်ဖိုးသင့်ပြီး (၃၀%) ဖြင့် MIC သို့ တင်ပြလျှောက်ထားရန် အခြေအနေရောက်ရှိနေပြီ ဖြစ်ပါသည်။ ထွက်ရှိလာသော ဆီကြမ်းများကို ဂျပန်နိုင်ငံသို့ (၁၀၀%)တင်ပို့ရောင်းချမည်ဖြစ်ပြီး၊ MIC ခွင့်ပြုချက်ရသည်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြောင်းမြမြို့နယ်တွင် တန်(၁၀၀)ဆီကြမ်းစက်ရုံနှင့် တွံတေးမြို့နယ်တွင် တန်(၅၀)ဆီချောစက်ရုံလုပ်ငန်းများအတွက် ပြည်ပနိုင်ငံ များမှရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသောမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (Planning & Project Management)

## ဂျပန်နိုင်ငံ ITOCHU Corporation နှင့် တွေ့ဆုံဆွေးနွေးခြင်း

ITOCHU Corporation မှ SHUICHI MIYAMOTO (Group Chief Operating Officer for Food Group, Asia & Oceania) ဦးဆောင်သောအဖွဲ့နှင့် MAPCO မှ Executive Director ဦးအောင်မြင့်၊ Director ဦးဟန်သော်ဇော်၊ Project Director ဦးကြင်ဆွေတို့သည် (၆.၆.၂၀၁၈)ရက်နေ့တွင် MAPCO ရုံးချုပ်၌ တွေ့ဆုံပြီး ဖွဲ့နဆီစက်ရုံစီမံကိန်း၊ ဆန်စပါး ကုန်သွယ်မှုလုပ်ငန်းနှင့် ပဲ/နှမ်းလုပ်ငန်းများကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါသည်။ (Special Project Business Unit)



## လက်ပံတန်းမြို့နယ်တွင် လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း စတင်ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် MAPCO မှ Agribusiness Service Center (ASC) စခန်းများအား တိုင်းနှင့်ပြည်နယ်တို့တွင် ဖွင့်လှစ်ပြီး 3 in 1 concept ဖြင့် စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ဓါတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း၊ အကျိုးတူကုန်ထရိုက်လယ်ယာလုပ်ငန်းတို့အား အခြေပြုကာ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကွမ်းခြံကျေးရွာ (ရန်ကုန်-ပြည်ကားလမ်းဘေး) တွင် ဒေသအခြေပြု လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအား စတင်ခဲ့ပါသည်။ အဆိုပါ လယ်ယာစီးပွားရေးဝန်ဆောင်မှုစခန်းမှ ထွန်စက်ကြီးများဖြင့် မိုးကြိုထယ်ရေး၊ ထွန်ယက်ရေးလုပ်ငန်းနှင့် ဓါတ်မြေဩဇာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအား ဆက်လက်ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ (Agribusiness Unit)

## တွံတေး (IRCP)စီမံကိန်းအား MAPCO အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေ

တွံတေး (IRCP) စီမံကိန်းတွင် ဆိပ်ခံတံတားနှင့် ပင်မလမ်းတည်ဆောက်မှုတို့ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိနေသေးသော တည်ဆောက်ရေးလုပ်ငန်းများကို MAPCO အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ (၁၃၀x၁၈၀)ပေနှင့် (၂၂၀x၁၀၀)ပေ အဆောက်အဦတည်ဆောက်နေမှုတွင် Steel Structure တပ်ဆင်ခြင်းလုပ်ငန်း ၅၀% ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအကုန်တွင် ရာနှုန်းပြည့်ပြီးစီးနိုင်မည်ဖြစ်ပါသည်။ အဆိုပါ အဆောက်အဦများတည်ဆောက်ပြီးစီးပါက အခြောက်ခံစက်တပ်ဆင်ခြင်းလုပ်ငန်း၊ ဆန်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သိုလှောင်ရုံအဆောက်အဦ(၂)လုံး ဘေးရှိ(၂၂၀x၁၃၀)ပေ အကျယ်အဝန်း ကုန်တင်ကုန်ချဝန်း တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ၅၀% ပြီးစီးနေပြီဖြစ်ပါသည်။ (Planning & Project Management)





## တနင်္သာရီတိုင်းဒေသကြီးတွင် နာနတ်သီးစိုက်ပျိုးခြင်းနှင့် အဆင့်မြင့် စည်သွပ်စက်ရုံ တည်ဆောက်ရန် မြေပြင်ကွင်းဆင်းလေ့လာ

၂၀၁၈-၂၀၁၉ ခုနှစ်တွင် တိုးချဲ့ဆောက်ရွက်မည့်လယ်ယာကဏ္ဍစီမံကိန်းတစ်ခုဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်တွင်ဆောင်ရွက်မည့် နာနတ်သီးစိုက်ပျိုးခြင်းနှင့် အဆင့်မြင့်စည်သွပ်စက်ရုံ စီမံကိန်းအတွက် MAPCO မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်များနှင့်အတူ ထိုင်းနိုင်ငံ SamRoiYod Corporation Ltd. မှ Chairman ခေါင်းဆောင်သောအဖွဲ့တို့နှင့်အတူ စီမံကိန်းဆောင်ရွက်မည့်မြေနေရာသို့ ပတ်ဝန်းကျင် တော၊ တောင်၊ ရေ မြေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ ဒေသန္တရအထွေထွေနှင့် မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းများပြုလုပ်ခဲ့ကြပါသည်။ (Business Development & Strategy)





## တွံတေး IRCP တွင် တရုတ်နိုင်ငံမှ Beijing KangDibao ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မျိုးစေ့ထုတ်လုပ်ငန်း

MAPCO နှင့်တရုတ်နိုင်ငံမှ Beijing KangDibao ကုမ္ပဏီတို့ ပူးပေါင်း၍ ဆန်စပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တွံတေးမြို့နယ်၊ IRCP ရှိ လယ်မြေ(၈)ဧကတွင် ၂၀၁၈ခုနှစ် မိုးစပါးရာသီအတွင်းတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံမှ အထွက်တိုးစပါး(၉)မျိုးနှင့် ပြည်တွင်းမှ ရက်(၉၀)၊ ဆင်းသုခစပါး(၂)မျိုးအပါအဝင် စုစုပေါင်းစပါး(၁၁)မျိုးကို ယခုမိုးစပါးရာသီတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိပါသည်။

တရုတ်နိုင်ငံ အစိုးရရပ်ဝန်းနှင့် လမ်းကြောင်းဆိုင်ရာ(OBOR)အစီအစဉ်ဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအပေါ် Beijing KangDibao ကုမ္ပဏီနှင့် MAPCO တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယခုစမ်းသပ်စိုက်ပျိုးထုတ်လုပ်သော မျိုးစေ့ထုတ်လုပ်ငန်း၏ စီးပွားရေးအရ တွက်ခြေကိုက်မှုအခြေအနေပေါ်မူတည်၍ တဆင့်ပြီးတဆင့် တိုးချဲ့ဆောင်ရွက်သွားရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီထားပါသည်။ စမ်းသပ်စိုက်ပျိုးမှုအတွက် လိုအပ်သောနည်းပညာနှင့် လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများကို Beijing KangDibao ကုမ္ပဏီမှ စီစဉ်ပံ့ပိုးပေးခြင်းဖြစ်ပြီး MAPCO အနေဖြင့် မြေနေရာနှင့် မျိုးစေ့ထုတ်ပညာရှင်များ၏ နေထိုင်သွားလာရေးကိစ္စကို တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ MAPCO အနေဖြင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ငန်းများကို နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ မျိုးစေ့လုပ်ငန်းများတွင် စနစ်တကျပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ (Agribusiness Unit)





## သီးနှံအခြောက်ခံစက်များ တင်သွင်းရောင်းချမှုနှင့် After Sale Service ဆောင်ရွက်မှု အခြေအနေ





ဆန်စပါး၊ ပြောင်း၊ ပဲစသည့် သီးနှံများတွင် အစိုဓာတ်မြင့်မားမှုကိုလျှော့ချနိုင်ရန် ခေတ်မီအခြောက်ခံစက်များ အသုံးပြုပြီး သီးနှံအရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် သီးနှံအခြောက်ခံစက်(Grain Dryer)များကို Korea နိုင်ငံမှ တင်သွင်းပြီး စက်ပိုင်များကို ရောင်းချပေးခြင်း၊ MAPCO ၏ ဒေသအခြေပြု လယ်ယာစီးပွားရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း (ASC)စခန်းများတွင် တပ်ဆင်၍ တောင်သူလယ်သမားများအတွက် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပစ္စည်းအရည်အသွေးကောင်းမွန်မှုကြောင့်လည်းကောင်း၊ သင့်လျော်သောဈေးနှုန်းကြောင့်လည်းကောင်း၊ ငွေပေးချေမှုလွယ်ကူသောကြောင့်လည်းကောင်း၊ ဝယ်ယူတပ်ဆင် အသုံးပြုသူများ အကြိုက်တွေ့လျက်ရှိရာ(12 Ton/batch) တင်သွင်းအလုံးရေ (၅၀) မှ (၃၈)လုံး ရောင်းချပြီး ဖြစ်ပါသည်။ တပ်ဆင်မှုအပိုင်း၊ မောင်းနှင်/ပြုပြင် ကိုင်တွယ်ထိန်းသိမ်းမှုအပိုင်းများကိုလည်း ကိုရီးယားအင်ဂျင်နီယာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိရာ (၁၀.၆.၂၀၁၈)ရက်နေ့မှ (၁၈.၆. ၂၀၁၈)ရက်နေ့ထိ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့သို့ After Sale Service လုပ်ငန်းများသွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

MAPCO အနေဖြင့် Agri-equipment များကို စီးပွားရေးတွက်ချေကိုက်မှုပေါ် မူတည်၍ တိုးချဲ့ရောင်းချသွားရန် စီစဉ်လျက်ရှိပါသည်။ ဆန်စက်လုပ်ငန်းနှင့်ပတ်သက်သော ဆန်စက်ပစ္စည်းများကို ရောင်းချဝန်ဆောင်မှုပေးသလို စားသုံးဆီလုပ်ငန်းနှင့်ပတ်သက်သော ဆီစက်များအတွက်လည်း နည်းပညာအပိုင်း၊ စက်ပစ္စည်းအပိုင်း ပံ့ပိုးရောင်းချသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ (Planning & Project Management)

# ဓါတ်မြေသြဇာဖြန့်ဖြူးရောင်းချမှုအခြေအနေ







ဂျာမဏီနည်းပညာဖြင့် မလေးရှားနိုင်ငံတွင် ထုတ်လုပ်သော အရည်အသွေးမြင့် ရွှေအိုးစည် အမှတ်တံဆိပ် (15:15:15 +7 S) နှင့် (16:8:16:0.4 MgO+ 4 S) မြေသြဇာများအား တင်သွင်းဖြန့်ဖြူးလျှက်ရှိပါသည်။ (Agribusiness Unit)

မအူပင်စက်ရုံ နှင့် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သီးပင်စားပင်များဖြင့် မျက်စိပသာဒရှိရေး၊ ဝန်ထမ်းများစုပေါင်းညီညွတ်မှုဖြင့်မိမိတို့၏လုပ်အားစွမ်းရည် မြင့်မားမှုကို ဖော်ပြနိုင်ရေး၊ ဝန်ထမ်းသက်သာ ရန်ပုံငွေဖြစ်ပေါ်စေရေးအတွက် စက်ရုံတာဝန်ခံနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးထားသည့် သင်္ဘောပင်(၂၀၀)ကျော်နှင့် ငှက်ပျောပင်(၂၀၀)ကျော် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို တွေ့ရှိရပါသည်။ နောင်တွင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် စံချိန်မှီသီးနှံများကို ဈေးကွက်သို့ ဖြန့်ဖြူးနိုင်ရေးအတွက် Planning & Project management (PPM) ဌာနမှ ဆောင်ရွက်ရန်အစီအစဉ်များရှိပါသည်။







## MAPCO E&C မှ တာဝန်ယူတည်ဆောက်လျက်ရှိသော စပါးခွံမှလျှပ်စစ်ဓါတ်အား (1.8) MW ထုတ်လုပ်မည့်စီမံကိန်း

မြောင်းမြဂုန်နီစက်ရုံဆိပ်ကမ်းရှိ ဂျပန်နိုင်ငံ Fujita Co.,Ltd နှင့် MAPCO တို့ ပူးပေါင်းတည်ထောင်ထားသော Myaung Mya FM Biomass Power Co.,Ltd အနေဖြင့် ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်တွင် စပါးခွံမှ လျှပ်စစ်ဓါတ်အား (1.8) MW ထုတ်လုပ်မည့်စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများတွင် MAPCO E&C မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းပြီးစီးအောင် ဆောင်ရွက်ပြီး စက်ယူနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လကုန်တွင် စက်စမ်းသပ်လည်ပတ်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **(MAPCO E&C)**

